စီးပွား / ကူးသန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၅၀ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်စည်များ တင်သွင်းမှုနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက် ထုတ်ပြန်ခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၂-၁၀-၂၀၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၅ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၅)ပါ အပိုဒ် ၇၄ တွင် **“သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့်ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရ”** ဟု သတ်မှတ်ထားပါသည်။

၂။ သို့ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ( ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) က ၂၀-၈-၂၀၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသည့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အထက်အပိုဒ် ၁ ပါ သတ်မှတ်ချက်အား **“သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့်ကုန်ပစ္စည်းများအတွက် အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်းမရှိစေရ”** ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ တင်သွင်းသောကုမ္ပဏီသည် သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံမှထုတ်ယူ၍ ပြည်တွင်းသုံးစွဲမှုအတွက်တင်သွင်းမည်ဆိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရမည်။

၄။ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းရန်အတွက်မဟုတ်ဘဲ ပြည်တွင်းသို့တိုက်ရိုက်တင်သွင်းမှုနှင့်ပတ်သက်၍ လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်မရရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်။

( ပုံ )
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး ၊ ကုန်သွယ်ရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ကုန်သွယ်ရေးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ကုန်သွယ်မှုလွယ်ကူစေရေးနှင့်စေ့စပ်ညှိနှိုင်းရေးဌာန၊

ကုန်သွယ်ရေးဦးစီးဌာန

မူဝါဒ (၁)၊(၂)၊ ကုန်သွယ်မှုမူဝါဒဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန

လက်ခံစာတွဲ/မျှောစာတွဲ